လေးပွင့်ဆိုင်သဘောတူညီချက်အရ လွှတ်တော်သို့တင်သွင်းထားသည့် "အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း" အပေါ် ရှင်းလင်းချက်

"အမျိုးသားပညာရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း" ကို အစိုးရ၊ လွှတ်တော်၊ NNER နှင့် ဒီမိုကရေစီ ပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ကိုယ်စားလှယ်များက ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့တွင် ကျင်းပခဲ့သည့် လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် လွှတ်တော်သို့တင်ပြရန် ဆုံးဖြတ်ကြပြီး ပညာရေးဝန်ကြီးဌာနမှ တဆင့် ဖေဖော်ဝါရီလ (၁၆) ရက်နေ့တွင် လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။

အထက်ပါဥပဒေကြမ်းတွင်ပါဝင်သည့် အကြောင်းအရာအချို့အပေါ် အဓိပ္ပါယ်လွဲမှားစွာဖော်ပြလျှက် NNER အားထိုးနှက်တိုက်ခိုက်မှုများ လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့လျှက်ရှိသဖြင့် ဖတ်ရှုသူတချို့က NNER နှင့်ကျောင်းသားကိုယ်စားလှယ်များကို မေးမြန်းလာကြသောကြောင့် ဤဆောင်းပါးဖြင့် ရှင်းလင်းတင်ပြအပ်ပါသည်။ အဓိကထိုးနှက် တိုက်ခိုက်သည့်အချက်မှာ ဥပဒေကြမ်းအပိုဒ် (၃၆) တွင် ဖော်ပြထားသည့် "အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်ထားသော ပညာရေးကျောင်းများ" ဖြစ်ပါသည်။

မူလအမျိုးသားပညာရေးဥပဒေ အခန်း (၆) ပုဒ်မ (၃၄) ကျောင်းအမျိုးအစား သတ်မှတ်ချက်တွင် "ဘုန်းတော်ကြီးသင် ပညာရေးကျောင်များ" သာပါရှိပြီး၊ အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်သော ပညာရေးကျောင်းများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ အမျိုးသားပညာရေးဥပဒေ အတည်ပြုပြီးနောက် ခရစ်ယာန်ဘုရားကျောင်းများမှ တာဝန်ယူဖွင့်လှစ်သည့်ကျောင်းများမှ ဆရာ၊ ဆရာမများက အထက်ပါ အချက်ကို NNER အဖွဲ့ဝင်များထံ တင်ပြလာကြပါသည်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအားရေးသားစဉ် အထက်ပါခရစ်ယာန်ဘုရားကျောင်းများမှ ဖွင့်လှစ်သောပညာရေးကျောင်းများ ထည့်သွင်းရန်ကိစ္စကို NNER ကိုယ်စားလှယ်များနှင့် ကျောင်းသားကိုယ်စားလှယ်များ တိုင်ပင်ခဲ့ကြပါသည်။

၂၀၁၅ ဖေဖော်ဝါရီလ (၁၁) ရက်နေ့တွင် ကျင်းပခဲ့သည့် လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြသည့် ကျောင်းသားများတောင်းဆိုချက် (၁၁) ချက်အနက် "မသန်စွမ်းကလေးများအပါအဝင် ကလေးအားလုံးအတွက် လူတိုင်းအကျုံးဝင်ပညာရေး" သည် မသန်စွမ်းကလေးများသာမက ကလေးအားလုံးနှင့်သက်ဆိုင်သဖြင့် ကလေးအားလုံး၏ပညာရေးကို တန်းတူရရှိစေရန်အတွက် "အခြားဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်သောပညာရေးကျောင်းများ" ကို ကျောင်းအမျိုးအစား ကဏ္ဍတွင် ထည့်သွင်းခဲ့ခြင်းဖြစ်ပါသည်။

အထက်ပါ ဘာသာရေးအဖွဲ့အစည်းများမှ ဖွင့်လှစ်သောပညာရေးကျောင်းများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သချာ်၊ သိပ္ပံ အစရှိသည့်ဘာသာရပ်များကို သင်ကြားသည့်ကျောင်းများကိုသာ ဆိုလိုပါသည်။ ဘာသာရေးကိုသီးသန့်သင်ကြားသည့်ကျောင်းများကို ဆိုလိုခြင်းမဟုတ်ပါ။ မူလ အမျိုးသားပညာရေးဥပဒေ

အခန်း (၁၄) ပုဒ်မ (၆၈ - က) တွင် ဘာသာရေးကိုသာ သီးသန့်သင်ကြားပေးသော ကျောင်းများသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ" ဟု ဖော်ပြထားပြီးဖြစ်ပါသည်။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥဒေကြမ်းတွင် အထက်ပါပုဒ်မ (၆၈ - က) ကို ပယ်ဖျက်ခြင်းမရှိပါ။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း အပိုဒ် (၂၂- ၈) တွင် "သင်ကြားရေးတွင် ဘာသာစကားသုံးမျိုးစနစ်ဖြစ်သော မိခင်ဘာသာစကား၊ မြန်မာဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားတို့ကို အသုံးပြုသင်ကြားမည်" ဟုဖော်ပြချက်တွင်လည်း မေးမြန်းသူများရှိသဖြင့် ရှင်းလင်းတင်ပြအပ်ပါသည်။ နယ်စပ်နှင့် တောင်ပေါ်ဒေသများတွင် နေထိုင်ကြသည့်ကလေးများသည် မြန်မာဘာသာစကားကို တတ်ကျွမ်းနားလည်ခြင်း မရှိကြပါ။ အသက် (၅) နှစ်ပြည့်၍ ကျောင်းတက်ကြသောအခါ ကျောင်းမှဆရာ၊ ဆရာမများပြောကြားသည့် မြန်မာဘာသာစကားကို နားမလည်ကြပါ။ သချာ်၊ သိပ္ပံ၊ ပထဝီ အစရှိသည့် ဘာသာရပ်များကိုလည်း နားမလည်သဖြင့် တစ်နှစ်၊ နှစ်နှစ်နေပြီး ကျောင်းထွက်ကြပါသည်။ NNER သည် မြန်မာနိုင်ငံကဲ့သို့ ဘာသာစကားများစွာရှိသည့်နိုင်ငံများမှ ပညာရေးကိုလေ့လာပါသည်။ ဘာသာစကားဆိုင်ရာကျွမ်းကျင်သည့် ပညာရှင်များကိုဖိတ်ခေါ်၍ ဆွေးနွေးပွဲများလည်း ကျင်းပခဲ့ပါသည်။

ကလေးတစ်ဦးအတွက် သင်ယူတတ်မြောက်နိုင်သည့် အကောင်းဆုံးဘာသာစကားမှာ မိခင်ဘာသာစကားဖြစ်ကြောင်း သိရှိပါသည်။ မိခင်ဘာသာစကားဆိုသည်မှာ အိမ်တွင်ပြောဆိုသည့် ကလေးကျွမ်းကျင်သည့် ဘာသာစကားကို ဆိုလိုပါသည်။ ကျောင်းစနေစဉ် ကျွမ်းကျင်သည့် ဘာသာစကားဖြင့် သင်ယူရသဖြင့် ကလေးများပျော်ရွှင်ပါသည်။ မိမိကျွမ်းကျင်သည့် ဘာသာစကား၏ တည်ဆောက်ပုံကိုနားလည်လျှင် မြန်မာဘာသာစကားနှင့် အင်္ဂလိပ်ဘာသာစကားများကို သင်ယူရန် လွယ်ကူပါသည်။ သချာ်၊ သိပ္ပံ၊ ပထဝီ စသည့်ဘာသာရပ်များကိုလည်း မိမိကျွမ်းကျင်သည့် ဘာသာစကားဖြင့် သင်ယူနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ဘာသာစကားများစွာရှိသဖြင့် မိခင်ဘာသာစကားကို ရွေးချယ်ရာတွင် ကျောင်းအလိုက်၊ ကျောင်းအုပ်ချုပ်ရေးကော်မတီများမှ ရွေးချယ်ရန်လည်း အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ဖော်ပြထားပါသည်။ ရွာတရွာတွင် အများအားဖြင့် ဘာသာစကားတူသည့် လူမျိုးများ နေထိုင်လေ့ရှိသဖြင့် အဆိုပါရွာကျောင်းတွင် ကလေးများကျွမ်းကျင်သည့် ဘာသာစကားဖြင့် သင်ကြားလျှင် ကလေးများ၏ ပညာသင်ယူမှုကို ထိရောက်စေပါသည်။ မြို့ကြီးများတွင်နေထိုင်သည့် တိုင်းရင်းသားကလေးငယ်များသည် များသောအားဖြင့် မြန်မာဘာသာစကားကျွမ်းကျင်ပြီးဖြစ်၍ မြန်မာဘာသာစကားဖြင့် သင်ကြားလျှင်လည်း အဆိုပါကလေးများ ထိရောက်စွာ သင်ယူနိုင်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒကြမ်းအပိုဒ် (၂၂ - ၈) ပိုဒ်ခွဲ (၁၁) တွင် မိခင်ဘာသာစကားကို အသုံးပြုသင်ကြားရာ၌ မူကြိုကဏ္ဍတွင် ၁၀၀ %၊ မူလတန်းအောက်ဆင့်တွင် ၆၀ %၊ မူလတန်းအထက်ဆင့်တွင် ၄၀ % အသုံးပြုရန် အဆိုပြုထားပါသည်။ NNER ပညာရေးဆွေးနွေးပွဲတွင် လာရောက်ဟောပြောသည့် ပညာရှင်များ၏အဆိုအရအထက်ပါနည်းဖြင့်သင်ကြားပါကမူလတန်းပြီးဆုံးလျှင် ကလေးများသည် ဘာသာစကားသုံးမျိုးကို ကျွမ်းကျင်စွာတတ်မြောက်ကြကြောင်းလေ့လာတွေ့ရှိရပါသည်။

မူလအမျိုးသားပညာရေးဥပဒေ အခန်း (၄) "အမျိုးသားပညာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ" အခန်းတစ်ခုလုံး ပယ်ဖျက်ကြောင်း ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄) ရက်နေ့ တွင် ကျင်းပသည့် လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြပါသည်။ လေးပွင့်ဆိုင်ဆွေးနွေးပွဲ၌ အစိုးရ ကိုယ်စားလှယ် အဖွဲ့တွင်ပါဝင်သည့် ဆရာကြီးတစ်ဦးကအခန်း(၄)ကိုပယ်ဖျက်လျှင် ခေါင်းပြုတ်သွား လိမ့်မည်ဟု သူ၏အယူအဆကို ထုတ်ဖော်ပြောဆိုပါသည်။ ခေါင်းတစ်လုံးတည်း ဆုံးဖြတ်အမိန့်ပေးခြင်း ထက်၊ ခေါင်းများစွာ၏ အကြံဉာဏ်များပါဝင်သင့်သည်ဟု NNER အဖွဲ့ဝင်များနှင့် ကျောင်းသားများက ခံယူထားပါသည်။ အမျိုးသားပညာရေးဥပဒေ ကိုပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပညာရေးဆိုင်ရာ အဆုံးအဖြတ် နှင့် လုပ်ပိုင်ခွင့် များကို တနေရာတည်းတွင် စုပုံမထားတော့ဘဲ ခွဲဝေပေးထားပါသည်။ စီမံခန့်ခွဲခွင့်အာဏာများကို တက္ကသိုလ်အုပ်ချုပ်ရေးကောင်စီနှင့် ကျောင်းအုပ်ချုပ်ရေး အဖွဲ့များသို့ ခွဲဝေပေး ထားပါသည်။ ပညာရေးအရည်အသွေး အာမခံမှုအတွက် လွတ်လပ်သောပညာရှင်များ ပါဝင်ဖွဲ့စည်းထား သည့် "အမျိုးသား ပညာရေးအဆင့်အတန်း နှင့် အရည်အသွေး အာမခံမှု အကဲဖြတ် ကော်မတီ" က ဆောင်ရွက်ရန် ဖော်ပြထားပါသည်။ ဘဏ္ဍာရေးစီမံခန့်ခွဲမှုများကို ပညာရေးဝန်ကြီးဌာန၊ တက္ကသိုလ် အုပ်ချုပ်ရေး ကောင်စီများနှင့် ကျောင်းအုပ်ချုပ်ရေးအဖွဲ့များက တာဝန်ယူမှုတာဝန်ခံမှုတို့ သာမက ပွင့်လင်းမြင်သာမှုရှိရန်ကိုလည်း ဥပဒေကြမ်းတွင် ဖော်ပြထားပါသည်။

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းအခန်း (၄) ကိုအခန်း အသစ်ဖြစ်သော "ဒီမိုကရေစီပညာရေး လွတ်လပ်ခွင့်ကိုအာမခံခြင်း" နှင့် အစားထိုးလိုက်ပါသည်။ အဆိုပါ အခန်းအသစ်တွင်

(က) ကျောင်းသားကျောင်းသူများ

(ခ) ဆရာဆရာမများ

(ဂ) အမျိုးသားသင်ရိုးညွှန်းတမ်းရေးဆွဲရေးကော်မတီ

(ဃ) သင်ရိုးညွှန်းတမ်း

(င) ဘာသာစကားသုံးမျိုးစနစ်

(စ) ပညာရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် လူထုအဖွဲ့အစည်းများ၊ လွတ်လပ်သော ပညာရှင်များ၊ ဆရာများ၊ ကျောင်းသားများ၊ မိဘများနှင့် ဒေသခံများပါဝင်ခွင့်

(ဆ) တက္ကသိုလ်၊ ကောလိပ် နှင့် ကျောင်းများ၏လွတ်လပ်စွာစီမံခန့်ခွဲခွင့် တို့ပါဝင်သည်။

အထက်ပါအခန်းအသစ်သည် တာဝန်ယူမှုတာဝန်ခံမှု နှင့်ပွင့်လင်းမြင်သာမှုတို့ကို အခြေခံသော ဒီမိုကရေစီပညာရေးစနစ်ကိုအကောင်အထည်ဖော်ရန်ရည်ရွယ်ပါသည်။ ယခင်ဗဟိုချုပ်ကိုင်သည့် ပညာရေး စနစ်တွင် ဆုံးရှုံးခဲ့ရသည့် ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများနှင့် ပညာရှင်များ၏ တီထွင်ဖန်တီး ခွင့်များကို ပြန်လည်ရရှိစေပါသည်။ မြန်မာနိုင်ငံတွင်စုပေါင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ နှင့် ဘာသာစကားများလွတ်လပ်စွာဖွံ့ဖြိုးခွင့်ကိုလည်းအာမခံပါသည်။ ပညာရေး

ဆိုင်ရာအဆုံးအဖြတ်များချမှတ်ရာတွင် ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ မိဘများ၊ လူထု အဖွဲ့အစည်းများ၏ ပါဝင်ခွင့်ကိုလည်းအာမခံပါသည်။ ဤအခန်းအသစ်သည် မြန်မာနိုင်ငံ ပညာရေး ဖွံ့ဖြိုး ရေးနှင့် အရည်အသွေးကောင်းသည့် ပညာရေးရရှိရန် လူတိုင်းကတာဝန်ယူရန် ညွှန်းဆိုခြင်း ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းသည် လေးပွင့်ဆိုင်ဆွေးနွေးပွဲတွင် သဘောတူပြီး ဖြစ်သည့် ကျောင်းသားများ၏ တောင်းဆိုချက် (၁၁)ချက်ကို အခြေခံပါသည်။ မူလအမျိုးသား ပညာရေး ဥပဒေကို အချက် (၁၁) ချက်နှင့်ကိုက်ညီအောင် ပြင်ဆင်ပြီး အချက်(၁၁)ချက်နှင့် မကိုက်ညီ သော အချက်များကို ပယ်ဖျက်လိုက်ပါသည်။ ကျောင်းသားများတောင်းဆိုသည့်အချက် (၁၁)ချက်သည် ကျောင်သားသမဂ္ဂများ၊ ဆရာသမဂ္ဂများပါဝင်ဖွဲ့စည်းထားသည့် NNER ကွန်ရက်၏ ၂၀၁၂ခုနှစ်၊ အောက်တိုဘာလတွင် စတင်ခဲ့သည့် ပညာရေးဆွေးနွေးပွဲများကို အခြေခံပါသည်။ NNER အဖွဲ့ဝင်များ သည် ဒေသ (၂၅) ခုတွင်ပြုလုပ်ခဲ့သည့် ဆွေးနွေးပွဲများမှ အကြံပြုချက်များကို စီစစ်သုံးသပ်ရန်အတွက် ပညာရေးညီလာခံတစ်ရပ်ကို ၂၀၁၃ ခုနှစ်၊ ဇွန်လတွင် ကျင်းပခဲ့ပါသည်။ ညီလာခံ၏ရလဒ်အဖြစ် "ပြည်လူထုထံမှ ဆင်းသက်သောပညာရေးမူဂါဒ" တစ်ရပ် ထွက်ပေါ်လာခဲ့ပါသည်။ ထို့ပြင် ဥရောပ၊ အမေရိကန်နှင့် အာရှနိုင်ငံများမှ တက္ကသိုလ်ပါမောက္ခများ၊ UNESCO၊ UNICEF နှင့် အမေရိကန်သံရုံး တို့မှစေလွှတ်သော ပညာရှင်များပါဝင်သည့် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲ (၄) ကြိမ်ပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးခဲ့သည့်အကြောင်းအရာများမှာ စာမေးပွဲစနစ်၊ မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံ ပညာရေး၊ ဆရာအတတ်ပညာနှင့် ဗဟိုချုပ်ကိုင်မှု လျော့ချသောပညာရေးစနစ် တို့ဖြစ်ပါသည်။

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ဖော်ပြချက်များသည် NNER မှ (၃) နှစ်နီးပါး ကြိုးပမ်းဆောင်ရွက်ခဲ့သော ပညာရေးမူဂါဒနှင့် ပညာရပ်ဆိုင်ရာဆွေးနွေးပွဲရလဒ်များကို အခြေခံ ထားပါသည်။

လေးစားစွာဖြင့်

မူဝါဒရေးရာ လုပ်ငန်းအဖွဲ့

ပညာရေးပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက် (NNER)

နေ့စွဲ။ ။ (၂၁) ဖေဖော်ဝါရီ၊ ၂၀၁၅